# BRICS ပူးပေါင်းဆောင်ရွက်မှု ဒုတိယ (၁၀) နှစ်ခရီးစတင်

၂၀၀၆ခုနှစ် စက်တင်ဘာလBRICS နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံပြီးမှစ ၂၀၁၇ခုနှစ် ပြန်လည်တွေ့ဆုံသည်အထိ BRICSနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးသည် သုညမှစပြီး အားလုံးဂရုစိုက်နေသည့် တစ်ကမ္ဘာလုံးဆိုင်ရာအကြောင်းအရာနှင့် တူညီသော အကျိုးအမြတ်အကြောင်းအရာများပေါ်တွင် ပုံစံမျိုးစုံပူးပေါင်းဆောင်ရွက်ရေးကိုလုပ်ဆောင်ခဲ့ပြီး အောင်မြင်မှုရလဒ်များစွာရရှိခဲ့သည်။

ဤဆယ်နှစ်အတွင်း BRICSနိုင်ငံများသည် "အတူညှိနှိုင်း၊ အတူဆောက်လုပ်၊ အတူခံစား"ဟူသော အတွေးအခေါ်ဖြင့် အတူကြီးထွား၊ အတူဖွံ့ဖြိုးပြီး ကမ္ဘာ့စီးပွားရေးတိုးမြှင့်မှုအတွက် အထောက်အပံ့များစွာ လုပ်ဆောင်ပေးနိုင်ခဲ့သည်။ ကမ္ဘာ့စီးပွားရေး စုစုပေါင်းပမာဏအပေါ် ပါဝင်သည့် အချိုးအစားသည်(၁၂%)မှ (၂၃%)ထိမြှင့်တင်ခဲ့ပြီး ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကဆွဲဆောင်မှုအင်အားဖြစ်လာခဲ့ပါတော့သည်။

လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ရေးကို ထပ်မံလုပ်ဆောင်နိုင်ရန် BRICSနိုင်ငံများသည် BRICSနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဘဏ်ကို တည်ထောင်ခဲ့သည်။ ၂၀၁၆ခုနှစ်တွင် စုစုပေါင်းအမေရိကန်ဒေါ်လာပေါင်း (၁. ၅)ဘီလီယံကျော်သော စီမံကိန်း(၇)ခုကို သဘောတူညီခဲ့ကြသည်။ ၂၀၁၇ခုနှစ်တွင် အမေရိကန်ဒေါ်လာပေါင်း (၂. ၅-၃)ဘီလီယံနှင့် ငွေချေးစီမံကိန်း(၁၅)ခုကို သဘောတူခွင့်ပြုခဲ့ပါသည်။ ယင်းစီမံကိန်းများသည် အစိမ်းရောင်စွမ်းအင်နှင့် လမ်းပန်းသွားလာရေးအပိုင်းများသို့ တိမ်းစောင်းစုစည်းပေးနေလျက်ရှိပါသည်။ BRICSပူးပေါင်းဆောင်ရွက်ရေးသည် အကျိုးတူအောင်မြင်သည့် လမ်းကြောင်းသစ်ကို လျှောက်လှမ်းခြင်းဖြစ်သည်။ အပြန်အလှန်လေးစား၊ အတူတကွ တိုးတက်သောလမ်းကြောင်းအသစ်ဖြစ်သည်။


ဤဆယ်နှစ်အတွင်း BRICSနိုင်ငံများသည် အတွေးအခေါ်မှစနစ်အဖြစ်သို့ ပြောင်းလဲခဲ့ပြီး ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ် ပိုမိုချဲ့ထွင်နက်ရှိုင်းလာနေသည်။ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သည် စီးပွားရေးမှစီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုအထိ တိုးချဲ့နေသည်။ ယခုနှစ်ပိုင်းတွင် အင်တာနက်ကွန်ယက်လုံခြုံရေး၊ အကြမ်းဖက်ဝါဒဆန့်ကျင်ရေး စသည့်နယ်ပယ်များ၏ ပူးပေါင်းဆောင်ရွက်မှုအထိတိုးချဲ့လုပ်ဆောင်နိုင်ခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး၊ စည်ကားရေးနှင့် တည်ငြိမ်ရေးအတွက် အရေးပါသည့် ထောက်ပံ့မှုများ လုပ်ဆောင်ပေးနိုင်ခဲ့သည်။

ဤဆယ်နှစ်အတွင်း BRICSနိုင်ငံများသည်ဘေးကစောင့်ကြည့်သူမှ နိုင်ငံတကာစီးပွားရေးစနစ်၏ အလေးပါသည့် ပါဝင်သူနှင့် သတ်မှတ်သူအဖြစ်သို့လည်း တဖြည်းဖြည်းပြောင်းလဲနေသည်။ အတွင်းပိုင်း၏ စီးပွားရေးညှိနှိုင်းမှုစနစ်ကို တက်ကြွစွာတည်ဆောက်သည်နှင့် တစ်ပြိုင်တည်း BRICSနိုင်ငံများသည် ပိုမိုမျှတ၊ ပိုမိုညီမျှသော နိုင်ငံတကာ အစီအစဉ်ကို တည်ဆောက်ရန် အစွမ်းကုန်လုပ်ဆောင်နေပါသည်။

၂၀၁၇ခုနှစ်သည် BRICSပူးပေါင်းဆောင်ရွက်ရေးက ဒုတိယဆယ်နှစ်ခရီးစတင်နေသည်။ လျှောက်လှမ်းလာနေသည်။ ယခုလက်ရှိ ရှုပ်ထွေးသည့် နိုင်ငံတကာစီးပွားရေး နိုင်ငံရေးအခြေအနေအောက်တွင် BRICSနိုင်ငံများမှာ ပိုမိုနီးစပ်ညီမျှသော ပူးပေါင်းဆောင်ရွက်ရေးကို လုပ်ဆောင်သင့်ပြီး စိန်ခေါ်မှုအားလုံးကို အတူကြုံတွေ့ ဖြေရှင်းရမည်ဖြစ်သည်။ ရှီကျင့်ဖိန်ပြောကြားသကဲ့သို့ BRICS နိုင်ငံများ၏အလုပ်တာဝန်မှာ နိုင်ငံအသီးသီး၏ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းသိမ်းခြင်းဖြစ်သည်။ နိုင်ငံတကာပတ်ဝန်းကျင်ကို အကျိုးပေးသော၊ ဘက်စုံအများဝါဒနှင့် နိုင်ငံတကာ ဆက်ဆံရေးအခြေခံမူဝါဒကို လိုက်နာလုပ်ဆောင်ပြီး နိုင်ငံတကာအစီအစဉ်ကို ပိုမိုညီမျှမျှတသောလမ်းကြောင်းသို့ရောက်အောင် ဖွံ့ဖြိုးတိုးတက်ရန်တွန်း ဆော်ရမည်ဖြစ်သည်။

**(ထမ်ပေ့ဖန်းသည် တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီ ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးသုတေသနစခန်း တစ်ကမ္ဘာလုံး ထိန်းချုပ်ရေးရုံးဒုတိယညွှန်ကြားရေးမှူး ဒုတိယသုတေသီပညာရှင်ဖြစ်သည်။ ပြည်သူ့ကွန်ယက်။)**

## နိုင်ငံတကာဆေးဝါးကုသမှုပူးပေါင်းဆောင်ရွက်ရေးဖြင့် ဒေသခံပြည်သူများအတွက်အကျိုးပြုစေ



အီတလီ Siena တက္ကသိုလ်ဆေးရုံအဆုတ်ရောဂါစင်တာညွှန်ကြားရေးမှူး၊ နိုင်ငံတကာနာမည်ကျော် Bronchoscopyပညာရှင်ကျူစိုက်ဖိတ.မာရှီယာနော်နှင့် တွေ့ဆုံစဉ် သူသည် ယူနန်ပြည်နယ်ကင်ဆာအကျိတ်ဆေးရုံနှင့် ကူမင်းဆေးတက္ကသိုလ်လက်အောက်ခံ တတိယဆေးရုံ (အောက်တွင် ကင်ဆာအကျိတ်ဆေးရုံဟု အတိုချုံးခေါ်ဝေါ်မည်။)၏ " Rapid on-site cytology evaluationသည် တစ်ရှူးနှင့် ကိုယ်တွင်း အင်္ဂါကုသမှုအတွင်း အသုံးချသင်တန်း"တွင် သင်ကြားပို့ချလျက်ရှိနေပါသည်။

"နိုင်ငံတကာဖလှယ်မှု ပူးပေါင်းဆောင်ရွက်မှုကို အလေးထားပြီး ခေတ်မီနည်းပညာကို အချိန်မှီလိုက်နိုင်မှသာ ပိုများသောလူနာကို အကျိုးပေးနိုင်မည်ဖြစ်သည်။"ဟု အကျိတ်ဆေးရုံ ဒုတိယဆေးရုံမှူးလီဝိမ်ဟွေးက ပွင့်လင်းစွာပြောသည်။ ယခုနှစ်ပိုင်းတွင် အမေရိကန်၊ ဩစတြေးလျ၊ စင်္ကာပူ၊ ဂျာမနီ၊ ကနေဒါနှင့် တရုတ်နိုင်ငံဟောင်ကောင်စသည့်နိုင်ငံနှင့် ဒေသများနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးကို တည်ထောင်လိုက်ပြီးဖြစ်သည်။ ထို့အပြင် ၂၀၁၅ခုနှစ်မှစပြီး ကင်ဆာအကျိတ်ဆေးရုံသည်စင်္ကာပူအမျိုးသားတက္ကသိုလ်ဆေးရုံ၊ စင်္ကာပူဗဟိုဆေးရုံစသည့် ဆေးဝါးကုသရေးဌာနများနှင့် ပူးပေါင်းကာ "တရုတ်စင်္ကာပူနို့ရည်ဂလင်းရင်သားရောဂါကုသမှုလုပ်ငန်းစဉ်" သင်တန်းကို နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည်။ ဤအစီအစဉ် လုပ်ဆောင်ခြင်းကြောင့် ယူနန်ပြည်နယ်ရင်သားကုသကာကွယ်ရေးကျွမ်းကျင်မှုအဆင့်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

၂၀၁၄ခုနှစ်မှ ၂၀၁၆ခုနှစ်အတွင်း ကင်ဆာအကျိတ်ဆေးရုံသည် အမေရိကန်၊ ဂျာမနီ၊ အိန္ဒိယ၊ စင်္ကာပူစသည့်နိုင်ငံများမှ ကျွမ်းကျင်မှုပညာရှင် (၇၀)ဦးကျော်ကို အသီးသီးဖိတ်ခေါ်ခဲ့သည်။ အုပ်ချုပ်ရေးအတွေးအခေါ်၊ လုပ်ဆောင်မှုပုံစံ၊ နည်းပညာဖလှယ်ရေး၊ ခွဲစိတ်မှုလုပ်ဆောင်ရေး၊ သိပ္ပံနည်းပညာ သုတေသနစီမံကိန်းစသည့်အပိုင်းကဏ္ဍများတွင် သင်ယူလေ့လာဖလှယ်မှုများ ပြုလုပ်ခဲ့သည်။ အချိန်ကာလတူ ဖလှယ်သင်ယူသူဦးရေပေါင်း (၁၀၅)ဦးကို စေလွှတ်ခဲ့သည်။

"ယခုနှစ်များတွင် မြန်မာ၊ လာအို၊ ထိုင်း၊ အီဂျစ်စသည့်နိုင်ငံများမှလူနာများကို လက်ခံခဲ့ပါသည်။"ဟု လီဝိမ်ဟွေးက မိတ်ဆက်ပြောပြခဲ့သည်။ ပြည်တွင်းပြည်ပလူနာများ ခေတ်မီသောကုသရေးအတွင်းမှ အကျိုးရရှိနိုင်ရန် ဆေးရုံမှကြိုးပမ်းမှု လုပ်ဆောင်နေပါသည်။ နီပေါမှ အာမူလေထက်သည် အသည်းကင်ဆာ Ablationနှင့် Thyroid ablationခွဲစိတ်မှုကို ကင်ဆာအကျိတ်ဆေးရုံတွင် သင်ယူခဲ့ပြီးအမိနိုင်ငံသို့ ပြန်ရောက်ပြီးသော်ခွဲစိတ်ကုသမှုများကို မိမိကိုယ်တိုင်လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ ယခုနှစ်ကင်ဆာအကျိတ်ဆေးရုံသည် ကျန်းချိန်ဟာနီတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခရိုင် ဆေးရုံနှင့်ပူးပေါင်းပြီးလာအိုသို့ ဆေးဝါးကုသမှု ပရဟိတစီမံကိန်းကို ပူးပေါင်းလုပ်ဆောင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသို့သွားပြီး ဆရာဝန်များ၏ ဉာဏ်စွမ်းများဖြင့် အရပ်သူအရပ်သားတို့အပေါ် အကျိုးလည်းဆောင်ရမည်ဟု စီစဉ်ထားပါသည်။

သတင်းထောက် - လျောရန့်ချင်၊ လောယုံချန်